**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက် ( ၀၁၂/ ၂၀၂၅ )**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

**Principal Trader အဖြစ် မှတ်ပုံတင်ဆောင်ရွက်ခြင်း**

၁။ အာဆီယံအကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်းစနစ် (ASEAN Customs Transit System - ACTS) တွင် အဓိကလုပ်ငန်းဆောင်ရွက်သူ (Principal Trader) အဖြစ် ကုန်သွယ်မှုတွင် ပါဝင်ဆောင်ရွက်နေသောလုပ်ငန်း/ အဖွဲ့အစည်းများအနေဖြင့် အကောက်ခွန်ဦးစီးဌာန MACCS ဌာနခွဲ၊ User Registration Section ထံတွင် လာရောက်လျှောက်ထားဆောင်ရွက်နိုင်ပြီး ဆောင်ရွက်ပေးမည့် နေ့ရက်၊ အချိန်၊ နေရာတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နေ့ရက် - အစိုးရရုံးဖွင့်ရက်များ

(ခ) အချိန် - ရုံးချိန်အတွင်း (နံနက် ၉း၃၀ မှ ညနေ ၄း၃၀ ထိ)

(ဂ) နေရာ - အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဒုတိယထပ်၊ MACCS ဌာနခွဲ။

၂။ လျှောက်ထားဆောင်ရွက်ရာတွင် လိုအပ်သောစာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) Company Letter Head ဖြင့် ကတိခံဝန်ချက်လျှောက်လွှာ

(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မူရင်း/မိတ္တူ)

(ဂ) လျှောက်ထားသူ၏ မှတ်ပုံတင် (မူရင်း/မိတ္တူ)

(ဃ) Trader Registration Form

၃။ အထက်ပါစာရွက်စာတမ်းများနှင့်အတူ ဖြည့်စွက်တင်ပြရမည့် Form ပုံစံများအား အကောက်ခွန်ဦးစီးဌာန Website ဖြစ်သည့် https://customs.gov.mm တွင် Download ရယူ၍ ဆောင်ရွက်နိုင်ပါသည်။

၄။ လိုအပ်သည့်စာရွက်စာတမ်းများပြည့်စုံမှန်ကန်ပါက အဓိကလုပ်ငန်းဆောင်ရွက်သူ (Principal Trader) အတွက် TIN (Trader Identification Number) အား MACCS ဌာနခွဲ၊ User Registration Section မှ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**Principal Trader ၏ ကိုယ်စားလှယ်/ Broker အဖြစ် မှတ်ပုံတင်ဆောင်ရွက်ခြင်း**

၅။ TIN ရရှိပြီးသော Principal Trader ကိုယ်စား ACTS Declaration အား ဆောင်ရွက်နိုင်ရေးအတွက် ကိုယ်စားလှယ်/ Broker အဖြစ် မှတ်ပုံတင်ရန် အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၊ User Registration Section ထံသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လာရောက်လျှောက်ထားရမည်-

(က) Principal Trader ၏ Trader Identification Number (TIN)

(ခ) Broker/ Representative Authorization Letter

(ဂ) လျှောက်ထားသူ၏ မှတ်ပုံတင် (မူရင်း/မိတ္တူ)

(ဃ) Employee Declarant Details and Authorization Form

(င) Letter Head ဖြင့် ကတိခံဝန်ချက်လျှောက်လွှာ

(စ) Agency ဖြစ်ပါက အဝါကတ် (မူရင်း/မိတ္တူ)

၆။ အထက်ပါစာရွက်စာတမ်းများနှင့်အတူ ဖြည့်စွက်တင်ပြရမည့် Form ပုံစံများအား အကောက်ခွန်ဦးစီးဌာန Website ဖြစ်သည့် https://customs.gov.mm တွင် Download ရယူ၍ ဆောင်ရွက်နိုင်ပါသည်။

၇။ လိုအပ်သည့်စာရွက်စာတမ်းများပြည့်စုံမှန်ကန်ပါက ကိုယ်စားလှယ်/ Broker အတွက် User Account ၊ Password နှင့် Unique ID အား MACCS ဌာနခွဲ၊ User Registration Section မှထုတ်ပေးသွားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များအား https://customs.gov.mm တွင် ကြည့်ရှုနိုင်သည့်အပြင် အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက ရုံးဖွင့်ရက်များတွင် ရုံးချိန်အတိုင်း MACCS ဌာနခွဲ၏ Help Desk Section (၀၁-၃၇၉၄၂၉) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

MACCS ဌာနခွဲ

အကောက်ခွန်ဦးစီးဌာန